# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘဏ္ဍာရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေအသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ယင်းကိုအခြေပြု၍ ရေးဆွဲသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြည့်ဆည်းပေးမှုနှင့် ထောက်ပံ့မှုများအပါအဝင် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ( ၉ ) ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

## <u>၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း</u>

၂။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ပြည်ထောင်စု |
|---|---|---|
| (က) | **ရငွေများ** | **၁၆,၇၆၈,၃၇၈** |
| | (၁) သာမန် | ၁၄,၄၅၅,၄၈၇ |
| | (၂) ငွေလုံးငွေရင်း | ၂၆၇,၄၅၆ |
| | (၃) ကြွေးမြီ | ၂,၀၄၅,၄၃၅ |
| (ခ) | **သုံးငွေများ** | **၂၀,၈၉၆,၄၃၃** |
| | (၁) သာမန် | ၁၅,၅၂၇,၃၈၀ |
| | (၂) ငွေလုံးငွေရင်း | ၄,၇၇၃,၇၅၂ |
| | (၃) ကြွေးမြီ | ၅၉၅,၃၀၁ |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-) ၄,၁၂၈,၀၅၅ |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၉၁,၃၁၉,၄၃၃ |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၅၂% |

၃။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်ရငွေ၊ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့်နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ မူလ ခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်ရငွေ | ၁၅,၄၃၂,၃၀၄ | ၁၄,၅၅၅,၄၈၇ | (-) ၈၇၆,၈၁၇ |
| (ခ) | ငွေလုံးငွေရင်းရငွေ | ၃၁၂,၅၄၆ | ၂၆၇,၄၅၆ | (-) ၄၅,၀၉၀ |
| (ဂ) | ကြွေးမြီရငွေ | ၁,၃၅၀,၅၄၇ | ၂,၀၄၅,၄၃၅ | (+) ၆၉၄,၈၈၈ |
| | စုစုပေါင်း | ၁၇,၀၉၅,၃၉၇ | ၁၆,၇၆၈,၃၇၈ | (-) ၃၂၇,၀၁၉ |

၄။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်အသုံးစရိတ် | ၁၅,၆၂၅,၆၅၀ | ၁၅,၅၂၇,၃၈၀ | (-) ၉၈,၂၇၀ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ၄,၉၃၅,၃၅၄ | ၄,၇၇၃,၇၅၂ | (-) ၁၆၁,၆၀၂ |
| (ဂ) | ကြွေးမြီအသုံးစရိတ် | ၅၄၄,၅၈၆ | ၅၉၅,၃၀၁ | (+) ၅၀,၇၁၅ |
| | စုစုပေါင်း | ၂၁,၁၀၅,၅၉၀ | ၂၀,၈၉၆,၄၃၃ | (-) ၂၀၉,၁၅၇ |

၅။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်းအသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ်ပြုပြင်ပြီးခန့်မှန်းခြေနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ | တိုး(+) လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၁၇,၀၉၅,၃၉၇ | ၁၆,၇၆၈,၃၇၈ | (-) ၃၂၇,၀၁၉ |
| စုစုပေါင်းအသုံးစရိတ် | ၂၁,၁၀၅,၅၉၀ | ၂၀,၈၉၆,၄၃၃ | (-) ၂၀၉,၁၅၇ |
| ပိုငွေ(+) /လိုငွေ(-) | (-) ၄,၀၁၀,၁၉၃ | (-) ၄,၁၂၈,၀၅၅ | (+) ၁၁၇,၈၆၂ |
| ဂျီဒီပီတန်ဖိုး | ၈၁,၀၆၄,၃၃၉ | ၉၁,၃၁၉,၄၃၃ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၉၅% | ၄.၅၂% | |

၆။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် သမရိုးကျ နှစ်စဉ်တိုးမြှင့်လျာထားသည့်ပုံစံအစား မူဝါဒအခြေခံသော ဘတ်ဂျက်ရေးဆွဲခြင်း (Policy Based Budgeting) ဖြစ်စေရန် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework- MTFF) ကိုအသုံးပြု၍ ရေးဆွဲခဲ့ပါသည်။

၇။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ရေးဆွဲရာတွင် လွန်ခဲ့သော ၃ နှစ်တာကာလ အရအသုံးလျာထားချက်နှင့် အမှန်အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို အခြေခံ၍ လာမည့် ၃ နှစ် ကာလအတွက် ကြိုတင်ခန့်မှန်းချက်များဖြင့်ရေးဆွဲခြင်း ဖြစ်ပါသည်။ ယင်းသို့ ရေးဆွဲရာတွင် အသုံးပြုရသော မေခရိုစီးပွားရေးညွှန်ကိန်းများမှာ Real GDP တိုးတက်မှုနှုန်း၊ Nominal GDP ပြောင်းလဲမှုနှုန်း၊ Nominal GDP တန်ဖိုး၊ ငွေကြေး ဖောင်းပွမှုနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ နိုင်ငံခြားငွေလဲလှယ်မှု ပြောင်းလဲမှုနှုန်း၊ သွင်းကုန်တိုးတက်မှုနှုန်းတို့ ဖြစ်ပါသည်။

၈။ ထို့ပြင် သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်အချိုး၊ လိုငွေ ဖြည့်ဆည်းနိုင်မည့်ပမာဏ၊ ရေရှည်ကြွေးမြီခံနိုင်ရည်အတွက် သုံးသပ်ချက် (Debt Sustainability Analysis-DSA) ၊ အစိုးရငွေတိုက်စာချုပ် (Treasury Bond) အတိုးနှုန်း၊ အစိုးရ

ငွေတိုက်လက်မှတ် (Treasury Bill) အတိုးနှုန်း၊ အစိုးရငွေတိုက် စာချုပ်နှင့် အစိုးရငွေတိုက် လက်မှတ်များ ထုတ်ဝေနိုင်မည့်အချိုး၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်း ပေးနိုင်သည့် အခြေအနေစသည် တို့ကိုလည်း ပုံသေနည်းများ အသုံးပြု၍ တွက်ချက်ခြင်းဖြစ်ပါသည်။

၉။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ပ အကူအညီရငွေနှင့် ပြည်ပချေးယူရငွေမပါသော သာမန်အသုံးစရိတ်ဘောင်ကို ဝန်ကြီးဌာနအလိုက် ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဟူ၍ ခွဲခြားပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကကြိုတင် သတ်မှတ်ပေးခဲ့ပါသည်။ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေမပါသော စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်ဘောင်ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့၍ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ဝန်ကြီးဌာနအလိုက် ဘောင်ကို ထပ်ဆင့် သတ်မှတ်ပေးပါသည်။ ၎င်းသတ်မှတ်ချက်ဘောင်များမှာ နှစ်လတ်ဘဏ္ဍာရေး မူဘောင်အရ တွက်ချက်ရရှိသော အမြင့်ဆုံးထားရှိနိုင်သည့် အသုံးစရိတ်ဘောင် ဖြစ်ပါသည်။

၁၀။ ပြည်ပမှအကူအညီရငွေနှင့် ပြည်ပမှချေးငွေတို့ဖြင့် သုံးစွဲရန် လျာထားသည့် မြန်မာကျပ်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| (က) | ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့်ငွေ | ၃၈၂,၅၄၄ | ၂၃၄,၁၈၇ | ၂,၁၉၅ | ၆၁၈,၉၂၆ |
| (ခ) | ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေ | ၃၅၅,၁၇၄ | ၁,၅၁၉,၅၃၄ | ၄၂,၆၀၆ | ၁,၉၁၇,၃၁၄ |
| | စုစုပေါင်း | ၇၃၇,၇၁၈ | ၁,၇၅၃,၇၂၁ | ၄၄,၈၀၁ | ၂,၅၃၆,၂၄၀ |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ပြည်ပမှအကူအညီရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၃၄၇.၆၉၇ သန်း ဖြစ်ပြီး ပြည်ပမှချေးငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၁,၆၁၇.၆၁၆ သန်း ဖြစ်ပါသည်။

၁၁။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ လိုငွေကျပ် **၁,၇၀၇,၅၈၀** သန်းကို ဖြည့်ဆည်းပေးရန် လျာထားပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင် လိုငွေအတွက် ဖြည့်ဆည်း ပေးမှုမှာ ကျပ် **၁,၆၈၈,၂၁၉** သန်း ဖြစ်သဖြင့် လိုငွေအတွက် ဖြည့်ဆည်းပေးမှုတွင် ယခင်နှစ်ထက် ကျပ် **၁၉,၃၆၁** သန်း ပိုမိုလာပါသည်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပဖြစ်သော ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ရရှိငွေ၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန် ၅% ကျပ် ၂၁၆.၇၄၉ ဘီလီယံကို အခွန်ဝေစုအဖြစ် ခွဲဝေပေးခဲ့ပါသည်။

၁၂။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးစွဲရန် ကျပ် ၃၂,၂၀၀ သန်းကို အထူးကိစ္စများအတွက် ထောက်ပံ့မှုအဖြစ် သတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ် များသို့ လွှဲပြောင်းပေးရန် ထည့်သွင်းလျာထားပါသည်။

၁၃။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်များကို နောက်ဆက်တွဲ(က) ဖြင့် ဖော်ပြပါသည်။

၁၄။ ၂၀၁၇-၂၀၁၈ ခု၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းသည် နိုင်ငံတော် ၏ မူဝါဒများနှင့်စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရန် အထောက်အကူပြုနိုင်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးထားခြင်း၊ လိုငွေနှင့်ဂျီဒီပီအချိုးအစား သင့်တင့်မျှတခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၅။ ၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထား မှတ်ချက်ရယူ၍ သဘောထား မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားပြီးဖြစ်ပါသည်။

၁၆။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များ ပါရှိသော ၂၀၁၇-၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေ များကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၇-၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍
# ကောက်နုတ်တင်ပြချက်

**၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေအခြေအနေ**

၁။ နှစ်အလိုက် တိုးတက်လာသည့် ရငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | ရငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၆,၄၅၃,၆၅၇.၈၆၁ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၂,၁၅၄,၈၄၆.၇၀၆ | ၅,၇၀၁,၁၈၈.၈၄၅ | ၈၈.၃၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၂၀၄,၃၃၃.၁၃၇ | ၂,၀၄၉,၄၈၆.၄၃၁ | ၁၆.၈၆% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၆,၈၀၈,၆၅၁.၂၁၂ | ၂,၆၀၄,၃၁၈.၀၇၅ | ၁၈.၃၃% |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၁၆,၆၅၁,၃၄၄.၅၀၀ | (-) ၁၅၇,၃၀၆.၇၁၂ | (-)၀.၉၄% |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၁၇,၀၉၅,၃၉၆.၄၇၉ | ၄၄၄,၀၅၁.၉၇၉ | ၂.၆၇% |
| ၂၀၁၇-၂၀၁၈ (မူလ) | ၁၆,၇၆၈,၃၇၇.၈၄၈ | (-) ၃၂၇,၀၁၈.၆၃၁ | (-) ၁.၉၁% |

**၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ သုံးငွေအခြေအနေ**

၂။ နှစ်အလိုက်တိုးတက်လာသည့် သုံးငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၈,၀၈၃,၃၀၃.၈၆၆ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၃,၄၀၅,၆၀၁.၆၉၆ | ၅,၃၂၂,၂၉၇.၈၃၀ | ၆၅.၈၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၉၁၀,၃၉၃.၂၉၀ | ၁,၅၀၄,၇၉၁.၅၉၄ | ၁၁.၂၃% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၇,၆၀၀,၆၀၇.၀၄၀ | ၂,၆၉၀,၂၁၃.၇၅၀ | ၁၈.၀၄% |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၁၉,၆၅၆,၃၈၇.၀၅၈ | ၂,၀၅၅,၇၈၀.၀၁၈ | ၁၁.၆၈% |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၂၁,၁၀၅,၅၈၉.၆၁၅ | ၁,၄၄၉,၂၀၂.၅၅၇ | ၇.၃၇% |
| ၂၀၁၇-၂၀၁၈ (မူလ) | ၂၀,၈၉၆,၄၃၂.၇၇၇ | (-) ၂၀၉,၁၅၆.၈၃၈ | (-) ၀.၉၉% |

မှတ်ချက်။ * နှစ်စဉ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းပါ သုံးငွေသည် ရှေ့ပြေးအမှန်စာရင်း၊ အမှန်စာရင်း ထွက်ရှိသည့်အခါ လျော့နည်းပါသည်။ ၂၀၁၆-၂၀၁၇ ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းတွင် ဖော်ပြထားသော သုံးငွေသည်လည်း ရှေ့ပြေးအမှန်စာရင်းများရရှိသည့်အခါ သုံးငွေပမာဏ လျော့နည်းနိုင်ပါသည်။

<u>၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ လိုငွေအခြေအနေ</u>

၃။ နှစ်အလိုက်ဖြစ်ပေါ်သည့် လိုငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | လိုငွေပမာဏ | လိုငွေနှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁,၆၂၉,၆၄၆.၀၀၅ | ၃.၅၀% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁,၂၅၀,၇၅၄.၉၉၀ | ၂.၄၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၇၀၆,၀၆၀.၁၅၃ | ၁.၁၉% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၇၉၁,၉၅၅.၈၂၈ | ၁.၂၀% |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၃,၀၀၅,၀၄၂.၅၅၈ | ၄.၁၀% |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၄,၀၁၀,၁၉၃.၁၃၆ | ၄.၉၅% |
| ၂၀၁၇-၂၀၁၈ (မူလ) | ၄,၁၂၈,၀၅၄.၉၂၉ | ၄.၅၂% |

မှတ်ချက်။ *၂၀၁၆-၂၀၁၇ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းလိုငွေနှင့် ဂျီဒီပီအချိုး ၄.၉၅% သည်လည်း အမှန် စာရင်းထွက်ရှိလာသည့်အခါ လျော့နည်းနိုင်ပါသည်။

<u>၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြည့်ဆည်းခြင်း၊ ထောက်ပံ့ခြင်း အခြေအနေ</u>

၄။ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | လိုငွေအတွက် ဖြည့်ဆည်း ပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁၆၀,၂၀၁.၅၅၁ | | ၁၆၀,၂၀၁.၅၅၁ |
| ၂၀၁၂-၂၀၁၃(အမှန်) | ၄၃၇,၀၃၇.၇၃၆ | ၁၆,၀၀၀.၀၀၀ | ၄၅၃,၀၃၇.၇၃၆ |
| ၂၀၁၃-၂၀၁၄(အမှန်) | ၄၉၈,၂၈၀.၃၅၁ | ၁၄,၀၀၀.၀၀၀ | ၅၁၂,၂၈၀.၃၅၁ |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁,၄၅၇,၆၃၆.၂၆၆ | ၈၁,၅၉၈.၈၆၉ | ၁,၅၃၉,၂၃၅.၁၃၅ |

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၅-၀၁၆(ရှေ့ပြေးအမှန်) | ၁,၅၉၁,၈၄၀.၀၂၆ | ၁၁၅,၂၈၂.၇၀၈ | ၁,၇၀၇,၁၂၂.၇၃၄ |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၁,၇၀၆,၁၄၈.၅၁၂ | ၃၂,၂၀၀.၀၀၀ | ၁,၇၃၈,၃၄၈.၅၁၂ |
| ၂၀၁၇-၂၀၁၈ (မူလ) | ၁,၇၀၇,၅၈၀.၃၉၆ | ၃၂,၂၀၀.၀၀၀ | ၁,၇၃၉,၇၈၀.၃၉၆ |

မှတ်ချက် လိုငွေအတွက် ဖြည့်ဆည်းပေးခြင်းမှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သုံးငွေက ရငွေထက် ပိုမိုသဖြင့် ဖြစ်ပေါ်လာသော လိုငွေအတွက် ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်

၅။ ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မူလတန်းအခမဲ့၊ ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အလယ်တန်းအခမဲ့၊ အထက်တန်း အခမဲ့ပညာရေး စနစ်များဖော်ဆောင်ခြင်း၊ ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆု၊ ကျောင်းထောက်ပံ့ကြေးများ၊ ၂၀၁၅-၂၀၁၆ ခုနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) မှစ၍ ပြည်တွင်း/ပြည်ပပညာသင်ဆုရရှိသည့် ကျောင်းသားများအား ပညာသင် ထောက်ပံ့ကြေး များပေးခြင်း၊ ဆရာ၊ဆရာမအင်အားတိုးချဲ့ ခန့်အပ်ခြင်းများအပါအဝင် ပညာရေးအသုံး စရိတ်များကို တိုးမြှင့် သုံးစွဲခဲ့ပါသည်။

### ပြည်ထောင်စု၏ ပညာရေးအသုံးစရိတ်

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှု % |
|---|---|---|
| ၂၀၁၁-၂၀၁၂ (အမှန်) | ၃၁၀,၀၂၀.၁၃၈ | ၃.၈၄% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၇၆၀,၆၇၉.၀၇၄ | ၅.၆၇% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၈၉၂,၈၂၄.၄၀၁ | ၅.၉၉% |

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှု % |
|---|---|---|
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁,၁၀၅,၈၃၀.၉၄၄ | ၆.၂၈% |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၁,၄၀၅,၈၂၃.၀၀၉ | ၇.၁၅% |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၁,၇၂၆,၅၃၉.၃၃၃ | ၈.၁၈% |
| ၂၀၁၇-၂၀၁၈ (မူလ) | ၁,၇၆၄,၂၆၈.၈၈၄ | ၈.၄၄% |

၆။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနအောက်သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရောက်ရှိခဲ့ပြီး၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်/ကောလိပ် (၁၃၂) ကျောင်း၏ အသုံးစရိတ်အပါအဝင် ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်၊ အခြားဝန်ကြီးဌာန(၄) ခုမှ တက္ကသိုလ်၊ ကောလိပ် (၂၆) ကျောင်းနှင့် ပညာရေးကဏ္ဍနှင့်သက်ဆိုင်သည့် အခြားဝန်ကြီးဌာနများ၏ ပညာရေး အသုံးစရိတ်များ အပါအဝင် ပညာရေးကဏ္ဍ၏ အသုံးစရိတ်မှာ ကျပ် ၁,၉၂၅,၀၇၈.၂၃၉ သန်း မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁,၉၅၅,၆၄၈.၅၈၃ သန်းသို့ တစ်နှစ်ထက် တစ်နှစ်တိုးမြှင့် လျာထားပေးပါသည်။

၇။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ဝန်ထမ်းအင်အားတိုးချဲ့ခန့်အပ်ခြင်းများ အပါအဝင် ကျန်းမာရေးအသုံးစရိတ်များနှင့် ပြည်ပအကူအညီရငွေ လျာထားမှု တိုးမြှင့်လျာထားခြင်းကြောင့် အသုံးစရိတ်ပိုင်းတွင် တိုးမြှင့်လာခြင်း ဖြစ်ပါသည်။

## ပြည်ထောင်စု၏ ကျန်းမာရေးအသုံးစရိတ်

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှု % |
|---|---|---|
| ၂၀၁၁-၂၀၁၂ (အမှန်) | ၈၆,၅၈၁.၂၁၂ | ၁.၀၇% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၃၈၁,၂၅၄.၀၂၇ | ၂.၈၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၄၈၄,၃၈၃.၅၂၇ | ၃.၂၅% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၆၆၁,၆၉၅.၈၃၆ | ၃.၇၆% |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၇၅၄,၄၂၀.၂၄၄ | ၃.၈၄% |
| ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၈၈၁,၀၀၃.၇၈၁ | ၄.၁၇% |
| ၂၀၁၇-၂၀၁၈ (မူလ) | ၁,၀၇၇,၈၈၈.၂၈၂ | ၅.၁၆% |

### တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းခြင်း

၈။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ အတွက် ဘဏ္ဍာရေးကော်မရှင်ကအတည်ပြုလျာထားသောလိုငွေဖြည့်ဆည်းပေးမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ကချင်ပြည်နယ် | ၁၅၃,၆၄၆.၃၄၃ |
| ကယားပြည်နယ် | ၅၁,၄၄၂.၀၇၃ |
| ကရင်ပြည်နယ် | ၇၅,၂၈၀.၆၄၆ |
| ချင်းပြည်နယ် | ၁၃၂,၅၂၇.၆၃၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၇,၁၂၀.၄၀၉ |

| | |
|---|---|
| တနင်္သာရီတိုင်းဒေသကြီး | ၁၄၆,၃၈၄.၂၈၆ |
| ပဲခူးတိုင်းဒေသကြီး | ၁၂၇,၆၉၁.၄၇၅ |
| မကွေးတိုင်းဒေသကြီး | ၁၄၂,၉၈၈.၁၅၀ |
| မန္တလေးတိုင်းဒေသကြီး | ၁၀၈,၂၉၆.၈၂၃ |
| မွန်ပြည်နယ် | ၇၁,၈၈၇.၄၀၇ |
| ရခိုင်ပြည်နယ် | ၁၄၂,၃၉၃.၀၃၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၄၁,၆၉၅.၃၅၁ |
| ရှမ်းပြည်နယ် | ၂၁၈,၆၂၉.၇၈၂ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၁၇,၅၉၆.၉၈၅ |
| ပေါင်း | ၁,၇၀၇,၅၈၀.၃၉၆ |